# ၁၉၆၄ ခုနှစ်၊ အမျိုးသား စည်းလုံးညီညွတ်ရေးကို ကာကွယ်သည့် ဥပဒေ။

[၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄။]

## နိဒါန်း။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အရ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို တည်ဆောက်ကာ ပြည်ထောင်စုမြန်မာနိုင်ငံတွင်ဆိုရှယ်လစ်စီးပွါးရေး၊အုပ်ချုပ်ရေး၊လူမှုရေးစံနစ်များကိုထူထောင်ရန်ကြိုးပမ်းလျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပစ္စက္ခအခြေအနေအရပ်ရပ်က ဆိုရှယ်လစ်စံနစ်မှအပ အခြားစံနစ်ကို တည်ဆောက်ရန် မဖြစ်နိုင်ဟု ပြရုံမက၊ ယင်း စံနစ်သည်သာလျှင် တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ တိုင်းပြည်အတွက် အလုပ်လုပ်သော အတတ်ပညာသည်များနှင့် အသိပညာရှင်များ အစရှိသည်တို့ ပါဝင်သည့် လုပ်သားပြည်သူတရပ်လုံးအတွက် အကျိုးဖြစ်ထွန်းစေနိုင်သည်ဟု သမိုင်းကလည်းသက်သေပြခဲ့သည်။

ယင်းသို့ဆိုရှယ်လစ်စံနစ်ကို တည်ဆောက်ရာတွင် တောင်သူ လယ်သမားများ၊ အလုပ်သမားများ၊ တိုင်းပြည်အတွက် အလုပ်လုပ်သော အတတ်ပညာသည်များနှင့် အသိပညာရှင်များအစရှိသည်တို့ပါဝင်သည့် လုပ်သားပြည်သူတရပ်လုံးစည်းလုံးညီညွတ်စွာလုပ်ကိုင်မှအချိန်တိုတိုနှင့် အကောင်းဆုံးသော အောင်မြင်မှုကိုရရှိနိုင်မည်။

နောက်ကြောင်းနှင့်ပစ္စက္ခအခြေအနေကိုကြည့်ပါက နိုင်ငံရေးပါတီ ဦးရေနှင့်အမျှ တောင်သူလယ်သမား၊ အလုပ်သမား၊ အဖွဲ့အစည်းများအစိတ်စိတ်အမွှာမွှာကွဲ၍ပေါ်ပေါက်ကာ၊ တောင်သူလယ်သမား၊အလုပ်သမားတို့သည် အချင်းချင်းညီညွတ်မှုမရကြဘဲစိတ်ဝမ်းကွဲကြသဖြင့်၊ ပြည်ထောင်စု၏အကျိုး၊ မိမိတို့၏ အကျိုးကိုထိရောက်စွာမဆောင်ရွက်နိုင်ရုံသာမက၊ မိမိတို့၏အတွင်း ပဋိပက္ခများကြောင့် ငွေရှင်၊ ကြေးရှင်၊ မြေရှင်များ၏ လက်ခုပ်အတွင်းထင်သလိုချယ်လှယ်ခံရသည့်ဘဝသို့ ရောက်ခဲ့ကြရသည်။

ထို့ပြင် နိုင်ငံရေးအဖွဲ့အစည်းမဟုတ်သော်လည်း အချို့သော အခြားအဖွဲ့အစည်းများသည်လည်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အကျိုးကိုသော်၎င်း၊ စည်းလုံးညီညွတ်ရေးကိုသော်၎င်း၊ ထိပါးအောင် လုပ်ကိုင်နေသည်ကို တွေ့မြင်နေရပေသည်။

ထို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

၁။ ။(၁) ဤဥပဒေကို ၁၉၆၄ ခုနှစ်၊ အမျိုးသား စည်းလုံးညီညွတ်ရေးကို ကာကွယ်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးတွင်ချက်ခြင်း အာဏာတည်ရမည်။

၂။ ။(၁) ဤဥပဒေပါ စကားရပ်များသည် အောက်ပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည်။

(က) ''အဖွဲ့ အစည်း'' ဆိုသည်မှာ၊ အမည်သီးခြားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ရည်ရွယ်ချက်တခုခုအတွက်၊သို့တည်းမဟုတ် လုပ်ငန်းစဉ်တခုခုအတွက်၊ လူအများ စုပေါင်းဖွဲ့စည်းထားသော အသင်း၊ အစည်းအရုံး၊ပါတီ၊ ကလပ်၊ ကော်မီတီ၊ အသင်းစု၊ အဖွဲ့ချုပ်နှင့် အလားတူအဖွဲ့အစည်းကိုဆိုလိုသည်။

(ခ) ''နိုင်ငံရေးအဖွဲ့အစည်း'' ဆိုသည်မှာ၊ နိုင်ငံရေးအယူဝါဒတခုခုပေါ်တွင်အခြေခံ၍၊ လမ်းစဉ်တရပ်ချမှတ်ကာ၊ လမ်းစဉ်ကို အကောင်အထည်ဖေါ်ရေးအတွက် နိုင်ငံအာဏာကိုသော်၎င်း၊ ဒေသန္တရအာဏာကိုသော်၎င်း၊ရယူရန်ရှေးရှုဆောင်ရွက်သောအဖွဲ့အစည်း၊ သို့မဟုတ် နိုင်ငံရေးအဖွဲ့အစည်းတရပ်ရပ်၏ လမ်းစဉ်ကိုအထောက်အကူပြုစေရန်အတွက် ရှေးရှုဆောင်ရွက်သော အဖွဲ့အစည်းကိုဆိုလိုသည်။

(ဂ)၊ ''အခြားအဖွဲ့အစည်း'' ဆိုသည်မှာ၊နိုင်ငံရေးအဖွဲ့အစည်းမှ အပဖြစ်သောအဖွဲ့အစည်းတရပ်ရပ်ကိုဆိုလိုသည်။ သို့ရာတွင်၎င်းစကားရပ်တွင်၊ ဘာသာသာသနာရေး သက်သက်ကိုသာ ကျင့်သုံးဆောင်ရွက်သောအဖွဲ့အစည်းမပါဝင်စေရ။

(ဃ) ''ပစ္စည်း'' ဆိုသည်တွင် မြေ၊ အိမ်ယာအဆောက်အဦ၊ စက်ရုံ၊ အလုပ်ရုံ၊ ယာဉ်၊ ကိရိယာတန်ဆာပလာနှင့် အခြားပစ္စည်းများ ပါဝင်သည်။

(၂) ဤဥပဒေပါ စကားရပ်များ၏ အဓိပ္ပါယ် ကောက်ယူချက်နှင့် စပ်လျဉ်း၍၊ ဤကိစ္စအလို့ငှါအစိုးရကခန့်ထားသည့်အဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်စေရမည်။

## အခန်း ၂။

### အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ်ခြင်း။

၃။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံရေးအဖွဲ့အစည်းများကို ဤဥပဒေ အာဏာတည်သည့်အချိန်ကစ၍ ဖျက်သိမ်းလိုက်သည်။ ၎င်းတို့၏ အဆောင်အယောင်များသည်လည်းပျက်ပြယ်ပြီးဖြစ်ရမည်။

(၂) အထက် ပုဒ်မခွဲ (၁) အရ၊ ဖျက်သိမ်းပြီးဖြစ်သော နိုင်ငံရေးအဖွဲ့အစည်းပိုင်သောပစ္စည်းများ၊ ငွေများနှင့် စာရွက်စာတမ်းများကိုပြည်သူ့ဘဏ္ဍာ အဖြစ်သိမ်းယူလိုက်သည်။

(၃) ပုဒ်မခွဲ (၁)သည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီနှင့် ယင်းပါတီ၏ဦးဆောင်မှုကို ခံယူသောအဖွဲ့အစည်းများနှင့် မသက်ဆိုင်စေရ။ ထို့ပြင်အစိုးရသည် သင့်လျော်သော အခြားနိုင်ငံရေးအဖွဲ့အစည်းတရပ်ရပ်ကို ပုဒ်မခွဲ (၁)တွင် အကျုံးဝင်ခြင်းမှကင်းလွတ်ခွင့်ပေးနိုင်သည်။

၄။ ။(၁) ဤဥပဒေ စတင်အာဏာတည်ပြီးသည့်နောက်၌ နိုင်ငံရေးအဖွဲ့အစည်း အသစ်တရပ်ရပ်ကို အစိုးရ၏ ခွင့်ပြုချက်မရဘဲ တည်ထောင်ခြင်းမပြုရ။

(၂) အစိုးရသည် ပုဒ်မ ၄ (၁)အရ ပေးအပ်ထားသော ခွင့်ပြုချက်ကို ရုပ်သိမ်းနိုင်သည်။ ထိုသို့ရုပ်သိမ်းသည့်အခါ ပုဒ်မ ၃(၁)နှင့် ၃(၂)ပါပြဋ္ဌာန်းချက်တို့သည်၊ယင်းနိုင်ငံရေးအဖွဲ့အစည်းနှင့်သက်ဆိုင်စေရမည်။

၅။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံ၏အကျိုး၊ သို့မဟုတ်ညီညွတ်ရေးကို ထိခိုက်အောင် ပြုကျင့်သည့် အခြားအဖွဲ့အစည်းများကိုလည်း၊ အစိုးရက ဖျက်သိမ်းနိုင်သည်။ ထိုသို့ဖျက်သိမ်းလျှင်၊ ၎င်းတို့၏ အဆောင် အယောင် များသည့်လည်း ဖျက်ပြယ်ပြီးဖြစ်ရမည်။

(၂) အထက်ပုဒ်မခွဲ (၁). အရ၊ ဖျက်သိမ်းသောအဖွဲ့အစည်းများ ပိုင်သော ပစ္စည်းများ၊ ငွေများနှင့် စာရွက်စာတမ်းများကို အစိုးရက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူနိုင်သည်၊ သို့မဟုတ် အခြားနည်းဖြင့် စီမံခန့်ခွဲနိုင်သည်။

၆။ ။မည်သူမဆို ပုဒ်မ ၃ (၁)၊ သို့မဟုတ် ၄ (၂)၊ သို့မဟုတ် ၅ (၁) အရ ဖျက်သိမ်းပြီးဖြစ်သော နိုင်ငံရေးအဖွဲ့အစည်း၊ သို့မဟုတ်အခြားအဖွဲ့အစည်း တရပ်ရပ်တွင် ဆက်လက်ပါဝင်နေလျှင်သော်၎င်း၊ လုပ်ငန်းကို ဆက်လက် လုပ်ကိုင် နေလျှင်သော်၎င်း၊အားပေးကူညီနေလျှင်သော်၎င်း၊ အဆောင်အယောင်များကို ဆက်လက် အသုံးပြုနေလျှင်သော်၎င်း ၄၊နှစ်အထိ ထောင်ဒဏ် စီရင်ခြင်းခံရမည်။

## အခန်း ၃။

### အထွေထွေ။

၇။ ။ပုဒ်မ ၆ အရ အရေးယူသည့်ကိစ္စတိုင်းတွင် အစိုးရ၊ သို့မဟုတ် အစိုးရက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်၊ သို့မဟုတ် ကော်မီတီ၏ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၈။ ။ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထမြောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှါ အစိုးရသည် နည်းဥပဒေများပြုလုပ်၍ ပြဋ္ဌာန်းခြင်း၊ အမိန့်များကို ထုတ်ပြန်ခြင်း ပြုလုပ်နိုင်သည်။ ယင်းနည်းဥပဒေများ၊ အမိန့်များသည် ဤဥပဒေကဲ့သို့ အာဏာတည်စေရမည်။